# ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်

## နိဒါန်း

## ရည်ရွယ်ချက်

ဤသုတေသန စာတမ်းကို ပြုစုပြီး တင်ပြရခြင်း၏ အဓိရည်ရွယ်ချက်မှာ
၁။ န အ ဖ စစ်အစိုးရသည် မည်သည့် အကြောင်းအရာနှင့် ပတ်သက်သည်ဖြစ်စေ ပြည်သူလူထုအပေါ် မိမိတို့ပေးထားသော ကတိအတိုင်း လိုက်နာမှုလုံးဝ မရှိသည့်အပြင် မိမိ၏ ကိုယ်ကျိုးစီးပွား၊ မိမိ၏ဂုဏ်သိက္ခာရရှိဖို့အတွက် ဒေသခံပြည်သူလူထုကို ဒုက္ခဆင်းရဲတွင်းသို့ ဆွဲချဖို့ရန်အတွက် ဝန်မလေးကြောင်းနှင့် မိမိတို့၏ ဗိုက်ဖြည့်ဖို့ရန် အတွက် ပြည်သူလူထုတို့၏ ဗိုက်ထဲမှ အစာများ ကိုနှိုက်ထုတ်ပြီး ပြည်သူလူထု ငတ်ပြတ်နေမှုကို လျစ်လျူရှုနေခြင်းသည် အမှန်တကယ်ဖြစ်ပျက်နေကြောင်း ကျမကိုယ်တိုင် မျက်မြင် ကိုယ်တွေ့ဖြစ်ကြောင်း စာတမ်းပြုစုပြီး နိုင်ငံတကာ သိရှိစေရန်။

*၂။ န အ ဖ ၏ စစ်အင်အားတိုးချဲ့မှုကြောင့် ဒေသခံပြည်သူလူထုများ၏ဆိုကျိုးများဖြစ်သော အိုးမဲ့၊ အိမ်မဲ့ ဖြစ်နေရခြင်း၊ အစားအစာလုံခြုံမှုမရှိခြင်း သည်ကို ပိုမိုသိသာစေရန် ----( နိုင်ငံတကာ၊ ကုလသမဂ္ဂ)*

## လက်တွေ့ကွင်းဆင်းရန်၌ အတွေ့အကြုံ

ရှမ်းပြည်နယ်အရှေ့ပိုင်းသည် မြို့နယ်အဖြင့် (၉) မြို့နယ်တည်ရှိသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်းရှိ ကျိုင်းတုံမြို့နယ် နှင့် တာချီတ်လိတ်မြို့နယ် အတွင်း န အ ဖ စစ်အစိုးရမှ အတင်းအဓမ္မလယ်မြေများသိမ်းဆည်းခြင်းနှင့် ပတ်သက်ပြီး ရရှိလာသော သုတေသနသတင်းအချက်အလက်များကို တင်ပြချင်ပါသည်။ မြန်မာနိုင်ငံအတွင်းတွင် လူသားတစ်ဦး၏ အသက်ရှင်ခွင့် နှင့်လွတ်လပ်စွာလုပ်ကိုင်နေထိုင်စားသောက်ခွင့်များ ဟာဆိုလျင် န အ ဖ စစ်အစိုးရ၏ လက်ထက်တွင် အစဉ်အမြဲ ချိုးဖောက်ခံနေရပါသည်။ ထို့နည်းတူ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင်းလည်း အတင်း အဓမ္မလယ်မြေများသိမ်းဆည်းခြင်းဟာဆိုရင်လည်း (၉)မြို့နယ်တိုင်းတွင် အကြောင်းအရာ အမျိုးစုံနှင့် ဆက်ဆက်တိုက်တိုက် ဖြစ်ပျက်နေပါသည်။ ဤသုတေသနသတင်းအချက်အလက်ရရှိရန် အတွက် ပြည်တွင်းသို့ဝင်ရောက်ပြီးသတင်း အချက်အလက်များသွားယူရပါသဖြင့် လုံခြုံရေးနှင့် ပတ်သက်ပြီး အခက်အခဲ ကြုံတွေ့ခဲ့ရပါသည်။ တချို့နေရာများတွင် မသင်္ကာမှုများနှင့် အမျိုးမျိုးစကားနှိုက်ထုတ်ပြီး မေးမြန်းစစ်ဆေးခြင်းကိုလည်း ခံခဲ့ရသည်။ သုတေသနကွင်းထဲ သို့မရောက် ခင်ကိုယ်ထင်ထားခဲ့သလို လုံးဝလှုပ်ရှားခွင့်မရရှိခဲ့ပေ။

န အ ဖ စစ်အစိုးရ၏တပ်ရင်းများသည် လယ်ယာမြေအတင်းအဓမ္မ သိမ်းဆည်းခြင်းသာမက သိမ်းဆည်းလိုက်သော လယ်မြေများတွင် ဒေသခံပြည်သူလူထုများဟာသူတို့လိုအပ်သော လုပ်အားများကို အတင်းအဓမ္မလုပ်အားပေးရပါသည်။ ဤကဲ့သို့ဖြစ်ရပ်များဟာဆိုရင် မြန်မာတစ်ပြည်လုံးအနှံ့အပြားတွင်ဖြစ်ပျက်ပြီး ဒေသခံပြည်သူလူထုများဟာဆိုလျင် ဒုက္ခဆင်းရဲ ငတ်မွတ်ခြင်း ပြဿအမျိုးမျိုးနှင့် ရင်ဆိုင်ရကာ အသက်ဆုံးရှုံးနေရခြင်းဟာဆိုရင်လည်း နေ့စဉ်နေ့တိုင်းဖြစ်ပျက်နေမှုကို ကြားနေရပါသည်။ သို့သော်လည်းဒေသခံပြည်သူလူထုများဟာ မည်သည့်တစ်စုံတစ်ရာမှ တောင်းဆိုခွင့်၊ ငြင်းဆန်ခွင့်နှင့် ကန့်ကွက်အဆိုပြုခြင်းများမရရှိခဲ့ပင်။ မြန်မာပြည်သူ ပြည်သားများ၏ လူသားတစ်ဦးအနေဖြင့် လွတ်လပ်စွာအသက်ရှင်နေထိုင်ခွင့်များ ဆုံးရှုံးနေရခြင်းဟာဆိုလျင် အဆိုးရွားဆုံးအခြေအနေတွင်ရောက်ရှိနေပြီဖြစ်ပါသည်။ ထို့အတွက်ကြောင့် န အ ဖ စစ်အစိုးရ၏ လုပ်ရပ်များကို နိုင်ငံတကာကသိရှိလာပြီး မြန်မာနိုင်ငံစစ်အစိုးရ ဖြုတ်ချရေးအတွက်နှင့် ဒီမိုကရေစီရရှိရေးအတွက် ဖိအားပေးရန်း အင်မတန်မှ အရေးကြီးသော အခြေနေသို့ရောက်နေပြီဖြစ်ပါသည်။

## အသုံးပြုသောနည်း

သုတေသနကွင်းဆင်းလေ့လာရန်တွင် လိုအပ်သော သတင်းအချက်အလက်များကို ရရှိရန်အတွက် မိုင်းနော့ဖါတ အုပ်စုမှ ဥက္ကဋ္ဌအဖြင့် တာဝန်ထမ်းဆောင်ခဲ့ဖူးသူတစ်ဦးထံသို့ ချည်းကပ်ပြီး အကြောင်းအရာများ ကို မေးမြန်းကာ အသိမ်းခံရသော လယ်ပိုင်ရှင်များ၏ နာမည်ကို ဥက္ကဋ္ဌထံမှ ရရှိပြီးနောက် အသိမ်းခံရသော လယ်ပိုင်ရှင်များ (၃) ဦးထံသို့သွားရောက် တွေ့ဆုံမေးမြန်းခြင်းပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းသောအခါ အသိမ်းခံရသော လယ်ပိုင်ရှင်များ၏ ခွင့်ပြုချက်မရသည့်အတွက် အသံဖမ်းခြင်းနှင့် ဓာတ်ပုံရိုက်ခြင်းများကို မပြုလုပ်ခဲ့ရပါ။ သို့သော်လည်းအသိမ်းခံထားရသော လယ်မြေနေရာနှင့် စက်မှုနည်းပညာကောလိပ်ကျောင်း အဆောက်အအုံများကို နောက်ဆက်တွဲတွင် ဓာတ်ပုံသက်သေအားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

လက်တွေ့ကွင်းဆင်းဆောင်ရွက်စဉ်တွင် ကျမနှင့်အတူ ယုံကြည်စိတ်ချရသော သူငယ်ချင်းတစ်ဦးအား အကူအညီတောင်းကာ ကျမကိုယ်တိုင်သွားရန် အခက်အခဲရှိသော နေရာများသို့ သူငယ်ချင်းအား သွားခိုင်းခြင်းအားဖြင့် အကူအညီယူခဲ့ရပါသည်။

## ၂။ နောက်ခံသမိုင်းကြောင်း

### ၂–၁ ကျိုင်းတုံမြို့နယ်၏ နောက်ခံသမိုင်းကြောင်း

ကျိုင်းတုံမြို့နယ်သည် ရှမ်းပြည်နယ်၏ အရှေ့ဘက်တွင်တည်ရှိသော မြို့ဖြစ်ပါသည်။ မြို့၏အကျယ်အဝန်းမှာ အရှေ့အနောက် (၃) မိုင်လောက်ကွာဝေးပြီး၊ တောင်နှင့်မြောက်(၂)ခန့် လောက်ကွာဝေးပါသည်။ တောင်တန်းများဖြင့် ကာရံထားသော မြေပြန့်မြို့ ဖြစ်ပါသည်။ ၂၀၀၀–ပြည့်နှစ်နောက်ပိုင်းတွင် ရွှေတြိဂံ မြို့ တော် ဟုလည်းခေါ် ဆိုလာကြသည်။ ကျိုင်းတုံမြို့နယ်တွင်ဌာနဆိုင်ရန် ရုံးချုပ်များ၊ ရွှေတြိဂံတိုင်း စစ်ဌာနချုပ်၊ အထူးစစ် လေ့ကျင့်ရေးတပ်၊ အမြောက်တပ်ရင်း (၁) ရင်းနှင့် ခ လ ရ(၅)တပ်ရင်း ၊ ခ မ ရ (၂)တပ်ရင်း၊ ကောလိပ်ကျောင်း (၁)ကျောင်း၊ သူနာပြုကျောင်း(၁)၊ စစ်သူနာပြုကျောင်း(၁)၊ အ ထ က ကျောင်း (၆)ကျောင်း၊ အလယ်တန်းကျောင်း (၈)ကျောင်း၊ မူလတန်းကျောင်းများဟာဆိုလျင် မြို့တွင်းရပ်ကွက်တိုင်းနှင့် တောင်ပေါ်ရွာများတွင် (ရွာတိုင်းလိုလို)ရှိပါသည်။ တောင်ပေါ်ရွာဒေသများကို ပြည်သူစစ် အဖွဲ့များဖြင့် ဖွဲ့စည်းပြီး အုပ်စု (၈) အုပ်စုရှိပါသည်။ ရွာပေါင်း (၁၀၀)ကျော်လောက်ရှိပြီး ကျိုင်းတုံမြို့နယ်တစ်ခုလို လူဦးရေ (၂)သန်းနီးပါးလောက်ရှိပါသည်။ ယခုလက်ရှိအခြေအနေ၌ ရှမ်းပြည် အ ရှေ့ပိုင်းတွင် အမြောက်တပ်ရင်း နှစ်ခုနှင့် တပ်ရင်း(၁၀)ခု ထပ်မံတိုးချဲ့ရန် အစီအစဉ်ရှိပါသည်။ နေရာအတိအကျ မချမှတ် သေးပါ။ တပ်ရင်း များ၏ ရန်ပုံငွေရရန်အတွက်ဆိုပြီးသိမ်းဆည်းခြင်းဟာဆိုရင်လည်း တပ်ရင်းရှိသောနေရာတိုင်းတွင် ဆက်ပြီး ထပ်တိုးချဲ့ဖြစ်ပျက်နေပါသည်။

### ၂–၂ သုတေသနပြုလုပ်သောနေရာ

လယ်ယာမြေသိမ်းဆည်းခြင်းနှင့် ပတ်သက်ပြီးသုတေသန စာတမ်းပြုစုရန်အတွက် ကျမသွားရောက် ခဲ့သောနေရာသည် ကျိုင်းတုံမြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိပြီးမြို့နှင့် (၄) မိုင်အကွာတွင်ရှိသော လားဟူရွာတစ်ရွာ ဖြစ်ပါသည်။ ရွာ၏ အမည်မှာ နမ့်ပန်းခမ်းရွာဖြစ်ပြီး အုပ်စု (၈) ခုအနက် မိုင်းနော့ဖါတ အုပ်စုအတွင်းတွင်ရှိသော ရွာတစ်ရွာဖြစ်ပါသည်။ ဤရွာသည် မြေပြန့်ရွာဖြစ်ပြီး လယ်လုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။ အိမ်ခြေပေါင်း (၄၆) အိမ် ရှိပါသည်။ ၂၀၀၁–ခုနှစ်တွင် စက်မှုနည်း

ပညာကောလိပ် ကျောင်းတည်ဆောက်ရန်အတွက် နမ့်ပန်းခမ်းရွာ လယ်မြေ ပိုင်ရှင် (၁၁)ဦး၏ မြေဧက (၂၀) ကို သိမ်းဆည်းလိုက် ပါသည်။ သိမ်းဆည်းလိုက်သောမြေများမှာ လယ်မြေ (၁၆) ဧကခွဲ၊ နံနတ်သီးခြံ (၂) ဧကနှင့် မက်ခလိခြံ (၁) ဧကခွဲတို့ဖြစ်ပါသည်။

## ၂-၃ ဒေသအတွင်းတွေ့ကြုံရသောပြဿနာများ

### ၂-၃-၁ စက်မှုနည်းပညာကောလိပ်ကျောင်းတည်ဆောက်ရန်တွက် အတင်းအဓမ္မသိမ်းဆည်းလိုက်သော လယ်မြေ

လယ်ယာမြေသိမ်းဆည်းခြင်းနှင့် ပတ်သက်ပြီးသုတေသန စာတမ်းပြုစုရန်အတွက် ကျမသွားရောက်ခဲ့သောနေရာသည် ကျိုင်းတုံမြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိပြီးမြို့နှင့် (၄) မိုင်အကွာတွင်ရှိသော လားဟူရွာတစ်ရွာ ဖြစ်ပါသည်။ ရွာ၏ အမည်မှာ နမ့်ပန်းခမ်းရွာဖြစ်ပြီး အုပ်စု (၈) ခုအနက် မိုင်းနော့ဖါတ အုပ်စုအတွင်းတွင်ရှိသော ရွာတစ်ရွာဖြစ်ပါသည်။ ဤရွာသည် မြေပြန့်ရွာဖြစ်ပြီး လယ်လုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။ အိမ်ခြေပေါင်း (၄၆) အိမ် ရှိပါသည်။ ၂၀၀၁-ခုနှစ်တွင် စက်မှုနည်းပညာကောလိပ် ကျောင်းတည်ဆောက်ရန်အတွက် နမ့်ပန်းခမ်းရွာ လယ်မြေ ပိုင်ရှင် (၁၁)ဦး၏ မြေဧက (၂၀) ကို သိမ်းဆည်းလိုက် ပါသည်။ သိမ်းဆည်းလိုက်သောမြေများမှာ လယ်မြေ (၁၆) ဧကခွဲ၊ နံနတ်သီးခြံ (၂) ဧကနှင့် မက်ခလိခြံ (၁) ဧကခွဲတို့ဖြစ်ပါသည်။

### ၂-၃-၂ မြေယာအတင်းအဓမ္မသိမ်းဆည်းသူ

လယ်ယာမြေများကို ၂၀၀၁- ခုနှစ်တွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဗိုလ်ချုပ်သိန်းစိန်၏ အမိန့်အရ ကျိုင်းတုံမြို့နယ် ပညာရေးဌာနမှ အမိန့်စာကို နမ့်ပန်းခမ်း ရွာသူကြီးသို့ ရောက်လာခဲ့ပါသည်။ အသိမ်း ခံရသော လယ်ပိုင်ရှင်တစ်ဦး၏ မှတ်မိသလောက်ပြောချက်အရ အမိန့်စာတွင်ပါရှိသော အကြောင်းအရာများ အနက် အချို့မှာ " ရွှေတြိဂံမြို့တော်ကြီး ဖွံ့ဖြိုးတိုးတက်လာရန်နှင့် ပညာရေးအဆင့်အတန်းမြင့်မားလာရန် အတွက် စက်မှုနည်းပညာကောလိပ်တည်ဆောက်ရန်နှင့် အနီးအနား မှနေထိုင်သော ရွာများကိုလည်း မြို့နှင့်တူအောင် ၊ ဘက်စုံတိုးတက်အောင် ထောက်ပံ့ပေးမည်၊ သိမ်းဆည်းထားသော လယ်ယာမြေများကို လည်း လယ်မြေအသစ်ပြန်လည်အစားထိုးပေးမည်၊ လယ်မြေအသစ်ပြောင်းရသည့် အတွက် ပြောင်းရွှေ့ရ သော ကုန်ကျစာရိတ်နှင့် လယ်အသစ်ပြန်ထွန်ရမည်ဖြစ် သောကြောင်းလည်း ကုန်ကျသောစာရိတ်များ ကိုလည်း နိုင်ငံတော်မှ ပြန်လျော်ကြေးပေးမည်ဟုလည်း ကတိပေးခဲ့ပါသည်။ သို့သော်လည်းယခုအချိန်အထိ ဘာတစ်ခုမှ အလျော်ပြန်ပေးခြင်းမရှိသည့်အပြင် ကျနော်တို့ကိုယ်တိုင်လည်း မကြာခဏ လုပ်အားပေးသွား ရပါသေးသည်ဟု" ပြောပြပါသည်။ ဤစက်မှုနည်းပညာကောလိပ်ကို ၂၀၀၁- ခုနှစ်မှဗိုလ်ချုပ်မှူးကြီးသိန်းစိန်တိုင်းမှူးလုပ်စဉ် အဆောက် အအုံအချို့ကို စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၂-ခုနှစ်တွင် ပြီးစီးထားသော အဆောက်အအုံအချို့ဖြင့် ကျောင်းစတင်ဖွင့်လှစ်ခဲ့ပါသည်။ (၄)ထပ်တိုက် အဆောက်အအုံကြီးကိုတော့ ဗိုလ်ချုပ်မင်းအောင် တိုင်းမှူးလုပ်စဉ် ဆက်လက် ဆောက်လုပ်ခဲ့ပြီ (ယခုလက်ရှိ) ၂၀၀၅-ခုနှစ် စက်တင်ဘာ (၉)ရက်နေ့တွင် အဆောက်အအုံကြီးဖွင့်ပွဲ ပြုလုပ်ခဲ့ပါသည်။

## ၂-၃-၃ အသိမ်းခံရသူ၏ နောက်ခံသမိုင်းကြောင်းနှင့် လက်ရှိအခြေအနေ

ဤဒေသတစ်ဝှက်တွင် ယခုအသိမ်းခံရသော လယ်မြေများဟာဆိုရင် စပါးအထွက်နှုန်းအကောင်ဆုံးသောလယ်များဖြစ်ပါသည်။ ပျက်စီးမှုလုံးဝမရှိသောနှစ်များတွင် လယ်တစ်ဧကလျှင် စပါးတင်း ၁၀၀-ခန့်ထွက်သော နေရာများဖြစ်ပါသည်။

လယ်သုံး ဧကအသိမ်းခံထားရသော လယ်ပိုင်ရှင်တစ်ဦးက ဤကဲ့သို့ ပြောပြပါသည်။ " ကျနော်တို့လယ်ဟာ အထွက်နှုန်းအရမ်းကောင်းတယ် ၃-ဧကမှာ တစ်နှစ်ဆိုရင် စပါးတင်း ၂၅၀-၃၀၀ ကြားမှာ အမြဲရရှိပါတယ်။ မိသားစုအတွက် တစ်နှစ်စားဖို့ စပါးတွေကို ချန်ထားပြီး ကျန်စပါးများကို ရောင်းချခြင်းအားဖြင့် ကလေးကျောင်းစာရိတ် များကိုတောင် စိုးရိမ်စရာမလိုတော့ဘဲ လိုလောက်စွာ ဖူလုံမှုရှိခဲ့ပါတယ်။ ခုချိန်မှာဆိုရင် သားအကြီးတောင် အတန်းကြီး လာတော့ မြို့ပေါ်များကျောင်း သွားထားဖို့အတွက် ငွေအခက်အခဲရှိတာကြောင့် ကျောင်းမထားနိုင်တော့ဘဲ မိသားစု အလုပ်ကူလိုက်၊ တစ်ခါတစ်လေ ငွေလိုတဲ့အခါ သူများဆီမှာ နေ့စားအလုပ်လုပ်လိုက်နဲ့ ခုဆိုရင်ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင် ကျသွားပြီလေ၊ လယ်တွေအသိမ်းခံရပြီးနောက်ပိုင်းမှာဆိုရင် မိသားစုစားဖို့အတွက် ဆန်တောင်ဝယ်စားနေရတယ်"ဆိုပြီး ပြောပြပါသည်။ ဤအသိမ်းခံရသော လယ်ပိုင်ရှင်တစ်ဦးကဲ့သို့ အခြားအသိမ်းခံရ သော လယ်ပိုင်ရှင်များဟာဆိုရင်လည်း မိသားစုတစ်ခုလျှင် တစ်ဦးစီ ပြဿနာကြုံရကာ မိသားစုစားဝတ်နေရေး၊ မိသားစုကလေးများ၏ ပညာရေးတွင် အဆင်မပြေမှုနှင့်သာ တွေ့ကြုံနေကြရပါသည်။

အသိမ်းခံရသောမိသားစု (၁၁)ခုထဲမှ မိမိသားစုတစ်သာ ညီအစ်ကိုမောင်နှမတွေဆီက လယ်ပြန်လည်ခွဲဝေပေးမှု ရရှိတဲ့အတွက်ကြောင့် မိသားစုတွင်လိုလောက်သော ဆန်၊ စပါးများကို ယခင်ကဲ့သို့ ပြန်ရရှိပြီး ကျန်မိသားစု (၁၀)ခုမှာ မိသားစုစားဝတ်နေရေးတွက် အင်မတန်မှ အခက်အခဲကြုံတွေ့ရပါသည်။

အသိမ်းခံထားရသူ လယ်ပိုင်ရှင်တစ်ဦး၏ ညည်းတွားသံကို ဆက်လက်တင်ပြရမယ်ဆိုရင် "ဆောက်ထားသောအဆောက်အဦးကို ကြည့်လိုက်မယ်ဆိုရင် လှလိုက်တာ နေချင်စရာကြီးဘဲ ဒါပေမဲ့ ဤအဆောက် အအုံကြီးကြောင့် ကျနော်တို့ဘဝကရစရာမရှိအောင် ဆင်းရဲတော်ပြတ် ဒုက္ခရောက်သွား ရတာ ကလေးတွေ ကိုတောင် ကျောင်းမထားနိုင်လောက်အောင်ပါဘဲ။ ဆက်လက်ပြီးပြောပြတာ ကတော့ တစ်ခါတစ်လေ အင် ဂျင်နီယာတစ်ချို့ မြို့ထဲသို့ပြန်သွားသော အခါတွင် အိမ်အတွက်သုံးဖို့ ဆိုပြီးထင်းတွေခုတ်သွားလိုက်ကြတာ ခုဆိုရင် သစ်ပင်ငယ်လေး တွေတောင်မရှိတော့သည့်အပြင် လမ်းဘေးတွင်မှာ အရိပ်ခိုဖို့ သစ်ပင်တောင်မရှိတော့ သဖြင့် ရာသီဥတုတွေလည်း အရင်ကထက်ပိုမို ပူပြင်းလာပါသည်။ အရင်တုန်းကဆိုရင် ဆန်၊ စပါးစိုက်ပျိုး ချိန်ကလွဲရင် ကျွဲ၊ နွားနှင့် အခြား တိရစ္ဆာန်များကို ထိန်းကျောင်းစရာမလိုဘဲ သည်အတိုင်းလွှတ်ထားပါသည်။ ယခုအချိန်မှာဆိုရင် အိမ်မွေးတိရစ္ဆာန်များ အတွက် စားကျက်များ လျော့နည်းလာသည့်အတွက် အိမ်မှာ မိသားစု တစ်နိုင်မွေးမြူရေးအတွက်ပင် အခက်အခဲဖြစ်လာရပါသည်။

အသိမ်းခံရသော လယ်ပိုင်ရှင်များသာမက အသိမ်းခံရသောလယ်၏ ဘေးပတ်ဝန်းကျင်၌ ရှိသော လယ်များဆို ရင်လည်း ရေလုံလောက်စွာမရရှိတော့ခြင်းကြောင့် လယ်အထွက်နှုန်းကျဆင်းသွားခြင်း၊ တစ်ချို့ လယ်များတွင် ရေလုံးဝမရရှိတော့ခြင်းကြောင့် စိုက်ပျိုးလို့ပင် မရတော့သည့်အတွက် လယ်ကိုဒီအတိုင်း ကွက်လပ်ချန်ထား ခဲ့ရပါသသည်။ ယခင်ကလယ်များအတွင်း သွယ်ထည့်ထားသော ရေမြောင်းများကို စက်မှုနည်းပညာကောလိပ်ရှိ ဝန်ထမ်းအဆောင်များ၊ ကျောင်းသူကျောင်း သားအ ဆောင်များနှင့် ကျောင်းဆောင် အတွက်သာ အသုံးပြုခြင်းကြောင့်ဖြစ်ပါသည်။ အဆောက်အဦးများဆောက်လုပ်သောအခါ အစိုးရမှ ချမှတ် ထားသော အင်ဂျင်နီယာများ အလှည့်ကျနှင့် အလုပ်

သမားအချို့လာရောက်တည်ဆောက်ကြပါသည်။ လုပ်အားများထံမှ လိုအပ်သောအချိန် တွင်ဘေးပတ်ဝန်းကျင်မှရှိသော နမ့်ပန်းခမ်းရွာ၊ ပန်းဆန်းကျရွာ၊ ဝမ်ကောင်ရွာ၊ ဝမ်ကန်ရွာနှင့် ပန်မောက်ရွာ များတစ်အိမ်လျှင် တစ်ဦးစီ ကိုယ်ထမင်းထုပ်နှင့် ကိုယ်လုပ် အားပေးသွား ရပါသည်။ လုပ်အားပေးမသွားနိုင်သောမိသားစုများဆိုလျှင် ဒင်္ဂါငွေ (၅၀၀) ထည့်ဆောင် ရပါသည်။ ၂၀၀၁–ခုနှစ် အဆောက်အဦး စတင်တည်ဆောက်စဉ်တွင် အပတ်စဉ်တိုင်းပင် လုပ်အားပေးရလေ့ရှိ ပါသည်။ လုပ်အားပေးသော အခါတွင်လည်း လူကြီး၊ လူငယ်နှင့် ခလေးမခွဲခြားဘဲ မိသားစုအတွင်းမှ အဆင်ပြေသောသူ သွားရပါသည်။ အဆောက် အဦးများအတွက်လိုအပ်သော ဝါးများကို လိုအပ်သော အချိန်မှာ လိုအပ်သလောက်ကို ဘေးပတ်ဝန်းကျင်မှ ရွာများက ခွဲတမ်းနှင့်သွားပို့ပေးရပါသည်။

## ၂–၃–၄ ဒေသအတွင်း အမျိုးသမီးများ၏ တွေ့ကြုံရသော အဖြစ်အပျက်တစ်ချို့

အလုပ်သမားများနှင့် အရာရှိအ ချို့တို့သည် ညနေခင်းအလုပ်နားချိန်တွေမှာဆိုရင် အရက်ဝိုင်းများဝိုင်ဖွဲ့ သောက်ကြပြီး ဘေးနားရွာများတွင်အပျိုလှည့်ကာ ကျောင်းတက်နေသော အပျိုပေါက်စလေးတွေကို အမျိုးမျိုးပြောဆို မြူဆွယ်ကာ ချစ်ကြိုက်လို့ယူကြပြီး လက်ထပ်ကြကာ အလုပ်ပြီးလို့ ပြန်သွားသောအခါတွင် တစ်ချို့ဆိုရင် ကလေးတစ်ယောက်၊ တစ်ချို့ဆိုရင်ကိုယ်ဝန်နှင့် ထားပစ်ခဲ့ တာလည်း ရှိပါသည်။ ၂၀၀၁–ခုနှစ်မှ ၂၀၀၅–ခုနှစ်တွင် ဘေးပတ်ဝန်းကျင်မှ အမျိုးသမီးငယ်များနှင့် အိမ်ထောင်သည်များကို မုဒိမ်းကျင့်မှု (၁၀)ကြိမ်ထက်မနည်း ဖြစ်ပျက်ခဲ့ပါသည်။ အမျိုးသမီးငယ်ဆိုလျှင် ရှက်ပြီး အပြင်မထွက်ရဲ၊ အလုပ်မဆင်းရဲ၊ ကျောင်းမတက်ရဲတော့ဘဲ ထိုင်းဘက် ထွက်ပြီး ရရန်အလုပ်များကို လုပ်သွားကြသူများလည်းရှိပါသည်။ တစ်ချို့မုဒိမ်းကျင့်ခံရသော အိမ်ထောင်သည် အမျိုးသမီး များဆိုလျှင် ယောကျာ်းဖြစ်သူက မင်းကိုယ်က သဘောတူတာမဟုတ်လား စသဖြင့်အမျိုးမျိုး စွပ်စွဲပြောဆိုပြီး လင်မယားရန်ဖြစ်ကြကာ အိမ်ထောင်ကွဲသွားကြတာတွေလည်းရှိခဲ့ပါသည်။

မုဒိမ်းကျင့်ခံရသော အမျိုးသမီးတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း

အမည်။ ။ မနာစော

အသက်။ ။ ၁၅–နှစ်

လူမျိုး။ ။ လားဟူ

ဘာသာ။ ။ ခရစ်ယာန်ဘာသာ

နေရပ်။ ။ နမ့်ပန်းခမ်းရွာ

အခင်းဖြစ်ချိန်။ ။ ၂၀၀၂–ခုနှစ်၊ ဩဂုတ်လ

မနာစောသည် ကျိုင်းတုံမြို့ အ ထ က (၂) ကျောင်းတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသူ တစ်ဦးဖြစ်ပါသည်။ စနေ–တနင်္ဂနွေနေ့ များတွင်ရွာသို့ပြန်လာလေ့ရှိပါသည်။ သောကြာနေ့ ညနေပိုင်းတွင် မြို့မှအိမ် သို့ပြန်လာရန်အတွက် သယ်စီ စီးလာပြီး ကားလမ်းမကြီးမှ နမ့်ပန်းခမ်းရွာသို့သွားရန် လမ်းဆုံတွင်ဆင်းခဲ့ပြီး ရွာသို့ လမ်းလျှောက်ပြန်လာခဲ့ပါသည်။ လမ်းလျှောက်ပြန်နေစဉ် စက်မှုနည်းပညာ ကောလိပ်မှဆောက်လုပ်ရေး အဖွဲ့မှ အသက် (၃၀) ဝန်းကျင်ရှိပြီးဖြစ်သော စိုးဝင်းဆိုသူသည် လိုက်ပြီး ရည်းစားစကား ပြောပါသည်။ မနာစောသည် ကြောက်ပြီး ပြေးဖို့ကြိုးစားရန် အနောက်မှအတင်းလိုက်ပြီး လမ်းဘေးသို့ဆွဲခေါ်သွားကာ မုဒိမ်းကျင့်ခဲ့ပါသည်။ ဤအကြောင်းအရာကို ရွာသူကြီးမှ စက်မှုနည်းပညာ

ကောလိပ်မှ အရာရှိထံ သွားရောက်တိုင်ကြားခဲ့ပါသည်။ အရာရှိများကနေ ဘာတစ်ခုမှ ဆောက်ရွက်ပေးခြင်း မရှိသည့်အပြင် “ခင်ဗျားတို့ရဲစခန်းမှာ သွားတိုင်ရင်ခင်ဗျားတို့ကိုပါ ထောင်ချမယ်ဆိုပြီး ခြိမ်းခြောက်ခဲ့ပါသည်။ မနာစောသည် ရှက်ပြီး ကျောင်းလည်းဆက်မတက်ဖြစ်တော့ပါ။

## ၂-၃-၅ သဘာဝပတတ်ဝန်းကျင် အခြေအနေ

နအဖ စစ်အစိုးရသည် နေရာတိုင်းတွင် လယ်မြေအတင်းအဓမ္မသိမ်းဆည်း လိုက်ခြင်းသည် ဒေသခံလူ တွေအပေါ်၌သာ ဒုက္ခရောက်ရခြင်းမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများကိုလည်း ထိခိုက်ဆုံးရှုံးမှုများစွာဖြစ်ရပါ သည်။ စစ်တပ်များတိုးချဲ့လာခြင်းကြောင့် တပ်မိသားစုသုံးဖို့အတွက် ခုတ်လိုက်ကြတဲ့ထင်းတွေကြောင့် ဒေသခံပြည်သူလူထု များနှစ်ပေါင်းများစွာထိန်းသိမ်းလာသော ထူထပ်သည့်သစ်တောများပင်လျှင် ယနေ့အချိန်မှာ လက်တလုံးစာလောက်သစ်ပင်လေးများသာ မရှိသလောက်ဖြစ်နေပါပြီ။ ငါးတွေပေါလှသော ရွာနံဘေးချောင်းများတွင် လည်း တစ်ချို့ငါးဆိုလျှင်မျိုးတုံးပြီဖြစ်ပြီး ကျန်ရှိသောငါးများပင်လျှင်မကြီးထွားနိုင်တော့ပင်။ သစ်တောများဖြုန်းသီးသွားခြင်း ကြောင့် တောထွက်အစားအစာများ၊မှိုများ၊ဆေးဘက်ဝင်အပင်များပင်မပေါက်ရောက်နိုင်တော့သည့်အပြင် ရာသီဥတုပင် လျှင်တစ်ရက်ထက်တစ်ရက်ပိုမိုပူပြင်းမှုတွေဖြစ်လာပါသည်။

## ၃။ စစ်တပ်အင်အား

## ၃-၁ ကျိုင်းတုံမြို့နယ်အတွင်း စစ်တပ်အင်အားနှင့် စစ်ဘက်ဆိုင်ရာပြဇယား

| စဉ် | တပ်ရင်းအမည် | နေရာ | မြို့နှင့် အကွာ |
|---|---|---|---|
| ၁။ | အမှတ် (၂၂၆) ခြေလျင်တပ်ရင်း | လွိုင်မွေ၊ တောင်စခန်းမြို့ | မြို့နှင့် မိုင် (၂၀)မိုင် |
| ၂။ | အမှတ် (၅၂၉) ခြေလျင်တပ်ရင်း | ဆင်နှစ်ကောင်ရပ်ကွက် | မြို့၏ မြောက်ဘက် စွန်း |
| ၃။ | အမှတ် (၃၁၄) ခြေမြန်တပ်ရင်း | လေယဉ်ကွင်းအနီး | မြို့၏တောင်ဘက် |
| ၄။ | အထူးစစ်လေ့ကျင့်ရေးတပ် | မြို့၏တောင်ဘက် | မြို့နှင့် (၁) မိုင် |
| ၅။ | အမှတ် (၂၄၅) ခြေလျင်တပ်ရင်း | မိုင်ခွန် | မြို့နှင့် ၁၃ မိုင် |
| ၆။ | တပ်မ (၈၈) | မိုင်ခွန် | မြို့နှင့် ၁၃မိုင်ခွဲ |
| ၇။ | အမှတ် (၁၄) အမြောက်တပ်ရင်း | မိုင်ခွန် | မြို့နှင့် ၁၃မိုင်ခွဲ |
| ၈။ | အမှတ်(၃၅)ခြေလျင်တပ်ရင်း | မိုင်ခွန် | မြို့နှင့် ၁၅မိုင် |
| ၉။ | အမှတ် (၂၄၄) ခြေလျင်တပ်ရင်း | ပန်လီရွာအဝင်နား | မြို့နှင့် ၁၆မိုင် |
| ၁၀။ | အမှတ် (၅၈) ခြေမြန်တပ်ရင်း | ဗဟွခမ်းရပ်ကွက်၊ ကျိုင်းတုံမြို့ | မြို့၏ အရှေ့ဘက် |
| ၁၁။ | အမှတ် (၁၄) လျှပ်၊စက်အင်ဂျင်နီယာ တပ် ရင်း | ကျိုင်းတုံမြို့ | |
| ၁၂ ။ | အမှတ် (၃) ထောက်လှမ်းရေး တပ်ရင်း | ကျိုင်းတုံမြို့ | |
| ၁၃။ | အမှတ် (၂၂) ထောက်လှမ်းရေး | ကျိုင်းတုံမြို့ | |

| | | | |
|---|---|---|---|
| | တပ်ရင်း | | |
| ၁၄။ | အမှတ် (၃) ဆက်သွယ်ရေး တပ်ရင်း | ကျိုင်းတုံမြို့ | |
| ၁၅ ။ | အမှတ် (၉၁၃) စစ်မြေပြင် အင်ဂျင်နီယာတပ် ရင်း | ကျိုင်းတုံမြို့ | |
| ၁၆။ | အမှတ် (၉၇၄) ဆောက်လုပ်ရေး တပ်ဆွယ် (က) အတန်း | ကျိုင်းတုံမြို့ | |
| ၁၇။ | အမှတ် (၁၁) တိုက်ပွဲဝင် စည်းရုံးရေး သင်တန်းကျောင်း ( တ စ သ) | ကျိုင်းတုံမြို့ | |
| ၁၈။ | အမှတ် (၁၂) စစ်မြေပြင်ဆေးတပ်ရင်း | ကျိုင်းတုံမြို့ | |
| ၁၉။ | အမှတ် (၁) တပ်မတော်ဆေးရုံ | ကျိုင်းတုံမြို့ | |
| ၂၀။ | အမှတ် (၉၃၂) ထောက်၊ ပို့တပ်ရင်း | ကျိုင်းတုံမြို့ | |
| ၂၂။ | အမှတ် (၈) တပ်ထိန်း တပ်ခွဲ | ကျိုင်းတုံမြို့ | |
| ၂၃။ | အမှတ် (၆၄၀) စစ်လက်နက် ပစ္စည်းတပ် ဆွယ် | ကျိုင်းတုံမြို့ | |
| ၂၄။ | အမှတ် (၃၄၁) စစ်လက်နက် ပစ္စည်းတပ်ခွဲ | ကျိုင်းတုံမြို့ | |
| ၂၅။ | အမှတ် (၇၂) အုပ် (လေတပ် ရေဒါစခန်း) | ကျိုင်းတုံမြို့ | |

## ၃–၁ ကျိုင်းတုံမြို့နယ်အတွင်း အတင်းအဓမ္မလယ်မြေသိမ်းဆည်းခံရသော အခြားလယ်မြေတစ်ချို့

ဤဒေသတစ်ဝှက်တွင် လယ်မြေသိမ်းဆည်းခြင်းသည် ဤနေရာတစ်ခုတည်း၌သာ ဖြစ်ပွားခြင်း မဟုတ်ဘဲ ဆမ်တောင်ကုမ္ပဏီမှ နွားနောက်မွေးမြူရန်အတွက် ရောင်းချရန်သိမ်းဆည်းခြင်း၊ ဆမ်တောင် ကုမ္ပဏီမှ ဝက်မွေးမြူရေးအတွက်ရောင်းချရန်သိမ်းဆည်းခြင်း၊ အမှတ် (၂၂၆)ခြေတပ်ရင်းမှ စိုက်ခင်း တွက်သိမ်းဆည်းခြင်း၊ အမှတ်(၅၈) ခြေမြန်တပ်ရင်းမှ စိုက်ခင်းပြုလုပ်ရန်အတွက် သိမ်းဆည်းခြင်းနှင့် သကြားစက်တည်ဆောက်ရန်အတွက်
သိမ်းဆည်းခြင်း စသည်ဖြင့် လယ်မြေများကို အတင်းအဓမ္မသိမ်းဆည်း ခဲ့ပါသည်။ ဤလယ်မြေများအား လုံးကို စစ်အစိုးရမှ အတင်းအဓမ္မသိမ်းဆည်းလိုက်ပြီး လျော်ကြေး တစ်စုံ တစ်ရာမျှပေးခြင်းမရှိသည့်အပြင် အသိမ်းခံထားရသော လယ်ယာ မြေပိုင်ရှင်များ၏ ဒုက္ခဆင်းရဲ ပြဿနာ အမျိုးမျိုးကို လုံးဝလှည့်မကြည့်ဘဲ အားလုံးကိုလျစ်လျူရှု ခဲ့ကြပါသည်။ အောက်ပါ ဇယားမှဖော်ပြထားသော အကြောင်းအရာများသည် ကျိုင်းတုံမြို့နယ်အတွင်းအတင်းအဓမ္မသိမ်းဆည်းခံရသော လယ်မြေများပြ ဇယားဖြစ်သည်။

| စဉ် | သိမ်းဆည်းခံရသူ | အကြောင်းအရာ | သိမ်းဆည်းသူ | နေရာ | ကေ |
|---|---|---|---|---|---|
| ၁။ | မိုင်းဇင်းရွာ လယ် နှင့်တောင်ယာပိုင် ရှင် | ဆမ်တောင် ကုမ္ပဏီမှ ဝက်မွေးမြူးရေး လုပ် | ရွှေတြိဂံတိုင်းမှ ူး | မိုင်းဇင်းရွာ | (၆) ကေ |

| | | | | | |
|---|---|---|---|---|---|
| | (၆)ဦး | ရန်အတွက် အတင်းအဓမ္မသိမ်းဆည်းခြင်း | ဗိုလ်ချုပ်သိန်းစိန် | | |
| ၂။ | ဟိုလပ်ရွာတစ်ရွာလုံး၏ လယ်နှင့်တောင်ယာ | ဆမ်တောင် ကုမ္ပဏီမှ နွားနောက်နှင့် နွားမွေးမြူးရေးအတွက် အတင်းအဓ | ရွှေတြိဂံတိုင်းမှူး ဗိုလ်ချုပ်သိန်းစိန် | ဟိုလပ်ရွာ | (၂၀၀) ဧက |
| ၃။ | ပန်မောက်အခါရွာ တောင်ယာနှင့် မြေပဲစိုက်ခင်း | အမှတ်(၂၂၆) ခြေလျင်တပ်ရင်းမှ ကြံစိုက်ခင်းပြုလုပ်ရန် | အမှတ်(၂၂၆)မှ နောက်တန်းမှူး အောင်မော်မော် | ပန်မောက်ရွာ | (၂၀) ဧက |
| ၄။ | နမ့်ပန်းခမ်းရွာ လယ်မြေပိုင်ရှင်(၁၁)ဦး၏ မြေယာ | စက်မှုနည်းပညာ ကောလိပ်ကျောင်းတည်ဆောက်ရန် | ရွှေတြိဂံတိုင်းမှူး ဗိုလ်ချုပ်သိန်းစိန် | နမ့်ပန်းခမ်းရွာအနီး | (၂၀) ဧက |
| ၅။ | နမ့်ပန်းခမ်းရွာလယ်ပိုင် ရှင်နှစ်ဦး နှင့် ဝမ်ကောင်ရွာလယ်ပိုင်ရှင် (၄)ဦး | သကြားစက်ရုံတည်ဆောက်ရန်အတွက် | ရွှေတြိဂံတိုင်းမှူး ဗိုလ်ချုပ်သိန်းစိန် | ကျိုင်းတုံမြို့နှင့် (၄)မိုင်အကွာ နမ့်ပန်ခမ်းရွာအနီး | (၁၅) ဧက |
| ၆။ | ခွန်ဆိုင်ရွာ ပြောင်းဘူးခြံ နှင့် တောင်ယာမြေပိုင် ရှင် (၁၈)ဦး | အမှတ် (၂၂၆) ခြေလျင်တပ်ရင်း ပြောင်းဘူးစိုက်ခင်းလုပ်ရန် | အမှတ် (၂၂၆) တပ်ရင်းမှူး စိုးဝင်း ၁၉၉၃–ခုနှစ် | ခွန်ဆိုင်ရွာ လွိုင်မွေမရောက်ခင် ၁–မိုင် | ဧက (၈၀) ကျော် |
| ၇။ | ပန်ဝိုင်ရွာ ပြောင်ဖူးခြံ နှင့် သစ်သီးခြံ | အမြောက်တပ် တည်ဆောက်ရန်အတွက် (အကောင်အထည်မဖော်သေး) | ဗိုလ်စိုးဝင်း၏ အမိန့်အရ | ပန်ဝိုင်ရွာ၏ ကြိုးဝိုင်းအတွင်း | (၆၀) |
| ၈။ | ပန်လီရွာ၊ ကချင်ရွာ တောင်ယာ နှင့် လယ် | ခ လ ရ (၂၄၅) တပ်ရင်း တည် ဆောက်ရန် | | ပန်လီရွာမရောက်ခင် (၄)မိုင် | (၂၀၀) |
| ၉။ | ။ ။ | တပ်မ (၈၈) | | ခ လ ရ (၂၄၅) အကျော်မိုင်ဝက်ခန့် | (၁၀၀) |
| ၁၀။ | ။ ။ | ဤမြောက်တပ် | | | (၁၀၀) |

| | | | | | |
|---|---|---|---|---|---|
| ၁၁ ။ | ။ ။ | ခ လ ရ (၃၅) တပ်ရင်းတည် ဆောက်ရန် | | ပန်လီရွာ မရောက်ခင်(၂) မိုင် | (၁၀၀) |
| ၁၂ ။ | ။ ။ | ခ မ ရ (၂၄၄) တပ်ရင်းတည် ဆောက်ရန် | | ပန်လီရွာမရောက် ခင် (၁)မိုင် | (၁၀၀) |

## ၄။ သုံးသပ်ချက်နှင့် အစီရင်ခံသူ၏အမြင်

န အ ဖ စစ်အစိုးရသည် မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြားတွင် လယ်ယာမြေများကို အတင်း အဓမ္မသိမ်းဆည်းပြီး နေရာအစားပြန်ထိုးပေးခြင်းမရှိခြင်းနှင့် လျော်ကြေးပြန်ပေးခြင်းမရှိဘဲ ဤကဲ့သို့ပြုမူ ခြင်း သည် အင်မတန်မှ အကျည်းတန်းအရုပ်ဆိုးပြီးလူမဆန်သော လုပ်ရပ်များဖြစ်ပါသည်။ ယခုကဲ့သို့နိုင်ငံ တော် ပညာရေး တိုးတက်မြင့်မား လာဖို့အတွက် စက်မှုနည်းပညာ ကောလိပ်ကျောင်း တည်ဆောက် လိုက်သော် လည်း တစ်ဘက်မှအသိမ်းခံရသော လယ်ပိုင်ရှင်များ၏ မိသားစုကလေးပညာရေးကို ထိခိုက်စေပြီး ပညာ တတ်ဖြစ်လာမည့် ကလေးများကို ပညာမတတ်အောင် ပိတ်ပင်တားမြစ် အညွန့်တုံး သွားစေပါသည်။ ဤကဲ့ သို့ဖြစ်လာမည်ကို န အ ဖ စစ်အစိုးရဟာ သိသိလျက်နှင့် တမင်သက်သက် မသိဟန်ဆောင်ပြီး လျစ်လျူရှု ထားခြင်းဖြစ်ပါသည်။

န အ ဖ စစ်အစိုးရများ၏ ပြည်သူလူထုအပေါ် ဤကဲ့သို့ ချိုးဖောက်နေမှုများ ပြုလုပ်နေခြင်းသည် အမှန်တကယ်ဖြစ်ကြောင်း နိုင်ငံတကာအားသိရှိစေပြီး မြန်မာနိုင်ငံစစ်အစိုးရအား ဖြည့်အားပေးကြရန် အတွက် ဤအကြောင်းအရာများကို တင်ပြပြီး စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ရန်အတွက် အထူးအရေးကြီး လိုအပ်လျက်ရှိနေပါသည်။ မြန်မာနိုင်ငံသည် စစ်အာဏာရှင်စနစ်မှ ပြောင်းလည်းမှုမရှိဘဲ ဤကဲ့သို့ ဆက် လက်ရပ်တည်နေသွားမည်ဆိုလျှင် နောက်ထပ်နှစ်နှစ်အတွင်း ဒေသခံ တိုင်းရင်းသားများသည် နေစရာ နေရာ မရှိ၊ စားစရာမရှိဘဲ ဒုက္ခသည်ဘ၀၊ အလုပ်သမားဘ၀သို့ ရောက်ရှိသွားကုန်ကြ မှာဖြစ် ပါသည်။

## နိဂုံး

အထက်သို့ဖော်ပြသွားသောအကြောင်းအရာများသည် ရှမ်းပြည်အရှေ့ပိုင်းကျိုင်းတုံမြို့နယ်တွင် အမှန်တကယ် ဖြစ်ပျက် နေသော သတင်းအချက်အလက်မှန်များ ဖြစ်ပါသည်။ လယ်ယာမြေများကို အသိမ်းအဓမ္မသိမ်းဆည်း ထားသည့် အပြင် သိမ်းဆည်းထားသည့် လယ်မြေများအပေါ် အတင်းအ ဓမ္မလုပ်အားခိုင်းခြင်း၊ ဒေသခံအမျိုးသမီးများအပေါ် မုဒိမ်းကျင့်မှု၊ ဆောက်လုပ်ရေး၌ လိုအပ်သော သစ်၀ါးများကို အခမဲ့သွားပေးရခြင်း၊ ကြက်၊ ၀က်၊ နွားနှင့် ဆိတ်များကို ဒေသခံရွာများက အခမဲ့အလှည့် ကျသွားပေးရခြင်း စသောအကြောင်းအရာများသည် ဒေသခံတိုင်းရင်းသားများ၏ လူမှုရေး၊ စီးပွားရေး၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ အကျင့်သိက္ခာပိုင်ဆိုင်ရာနှင့် လွတ်လပ်စွာ အသက်ရှင်နေထိုင်ခွင့် အားလုံးပေါ် လုံး၀အခွင့်အရေးဆုံးရှုံးခံနေရသည့် အပြင် လူသားတစ်ဦး၏ဘ၀ကို အနိမ့်ကျဆုံး အောက်ခြေသို့ရောက် အောင်ဆွဲချနေပါ သည်။ တစ်စုံတစ်ရာသော ပြောင်းလဲခြင်းမရှိပါက မြန်မာပြည်သားများသည် အကျည်း တန်အရုပ်ဆိုးသော ဘ၀များနှင့်သာ အသက်ဆုံးရှုံးရခြင်း၊ မြန်မာပြည်သားဖြစ်ပါလျက်နှင့် မြန်မာပြည်တွင်

နေထိုင်ခွင့်မရခြင်းနှင့် နေထိုင်ခွင့်ရ သော်လည်း အကြောက်တရားနှင့်သာနေထိုင်ရခြင်းသည် အဆုံးမသတ်နိုင်တော့ဘဲ စစ်အာဏာရှင်များ၏ ရက်စက်မှုသာ ဆက်လက်ရှင်သန်သွားမှာဖြစ်ပါသည်။

ဒါကြောင့် ဤကဲ့သို့ဖြစ်ပျက်နေသော အကြောင်းအရာများကို မြန်မာပြည်သူတစ်ဦးဖြစ်သည့် ကျမအနေနဲ့ လုံးဝ လက်ခံသဘောတူညီမှုမရှိကြောင်းတင်ပြချင်ပါသည်။ ဒေသခံတိုင်းရင်းသားများ အားလုံး၏ ရယူပိုင်ဆိုင်သင့်သော အခွင့်အ ရေးများကို အပြန်အလှန်လေးစား နားလည်စာနာထောက်ထားမှုများမရရှိသ၍ ကျမမြန်မာပြည်သူတစ်ဦးအနေနဲ့ လူ့အခွင့်အရေး ချိုးဖောက်ခံနေရသော သတင်းအချက်အလက်မှန်များကို စုဆောင်းပြီး အစဉ်အမြဲ ဆန့်ကျင်သွားမှာ ဖြစ်ပါသည်။

## Recommendation

**တွေ့ဆုံမေးမြန်သူ စာရင်း**

၁။ မိုင်းနော့ ဖါတအုပ်စုတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဘူးသူ
၂။ လယ်မြေအသိမ်းခံရသူ (                    )
၃။ လယ်မြေအသိမ်းခံရသူ (                    )
၄။ လယ်မြေအသိမ်းခံရသူ (                    )
၅။ မုဒိမ်းကျင့်ခံရသူ (      )
၆။ ဖါငင်းအုပ်စု တွင်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဘူးသူ
၇။ မိုင်ခွန်အုပ်စုမှ အုပ်စုအတွင်းပြည်သူစစ်အဖြင့် တာဝန်ထမ်းဆောင်သူတစ်ဦး

**ကိုးကားစာအုပ်**

၁။ စစ်အင်္ဂါစဉ်
ဤနာဂါတ်လုပ်ငန်းစဉ်